ဗောင်မှူးကြီး သိန်းဝင်း

# ကျွန်တော်နှင့် လက်ရုံးတပည့်များ



# စာရေးသူ၏ အမှာ စာ

ဤစာအုပ်တွင် ဘာသာရေးနှင့် အတွေ့အကြုံ၊ ခရီးလမ်းပန်းအဆက်အသွယ် ကိစ္စ များကိုပါ ဦးစားပေး၍ ရေးရန်ကြံရွယ်ထားသော်လည်း စာဖတ်ပရိတ်သတ်များက ကျွန်တော်၏ တပည့်များ စုံလင်စွာဖြင့်သွားလာ လှူပ်ရှားကြခြင်း၊ စွန့်စားခြင်းကိစ္စများကို ဖတ်ရှုလိုပါသဖြင့် တောင်းဆိုလာသော ကြောင့် အတွေအကြုံ ခရီးစဉ်များကို ရောမွှေနှောက်ပြီး ရေးလိုက်ရခြင်း ဖြစ်ပါသည် ။

စာရေးရာတွင် ကျွန်တော်၏ ရေးသားတတ်သော မူအတိုင်းစာဖတ်သူများအား အတွေ့အကြုံ၊ သင်ခန်း စာများ ပေးရန်နှင့် ဗုဒ္ဓဘာသာနှင့် ပတ်သက်သော ထူးခြားဆန်းကျယ်သည့် မနောစွမ်းအင် အကြောင်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည် ။

ပြည်တွင်း ခရီးစဉ်သာမက ပြည်ပ ခရီးစဉ်များကိုလည်း အတတ်နိုင်ဆုံးတိကျစေရန် အသေးစိတ်လေ့ လာပြီး ဖော်ပြထားပါသည် ။ ကျွန်တော်ရေးသည် မှာ ဝတ္ထုသာဖြစ်ပြီး ခရီးသွားဆောင်းပါး မဟုတ်ပါ။ ဝတ္ထု ဇာတ်လမ်းကိုသာဦးစားပေး ဖော်ပြခြင်းဖြစ်သောကြောင့် အချို့သော အကြောင်းအရာ အချက်အလက်များ တွင် စာဖတ်သူ၊ ပရိတ်သတ်၏ သဘောအမြင်နှင့် မကိုက်ညီ၊ မတိုက်ဆိုင်ပါကလည်း နားလည်မှုပေး ခွင့်လွှတ်နိုင်ကြပါရန်ကြိုတင် တောင်းပန်အပ်ပါသည် ။

၁၂-၄-၂၀၁၅ရက်နေ့က ကျွန်တော်ရေးတဲ့ ကျွန်တော်နှင့် လက်ရုံးတ

ပည့်များ ဆိုတဲ့ လုံးချင်းဝတ္ထုရှည်ကို ကိုတင်ထွန်းရဲ့ စိတ်ကူးသစ်စာအုပ်တိုက်ကို အပ်ဖြစ်ပါတယ်။ ပန်းချီဆရာမြတ်မင်းဟန်လည်း ရောက်လာတာမို့ တစ်ခါတည်း မျက်နှာဖုံးပုံဆွဲဖို့ အပ်လိုက် ပါတယ်။မြတ်မင်းဟန်ကို ဘယ်လိုပုံဆွဲပါလို့ ပြောစရာမလိုဘဲဝတ္ထုကို ကိုယ်တိုင်ဖတ်ကြည့်ပြီးမှ သူ့ခံစားချက်နဲ့ သူဆွဲတာ။ အထွန့်တက်လို့ လည်း ရဘူး။ သူ့အထာက အဲလို။

ကျွန်တော်နဲ့ မောင်ညိုမှိုင်းကလည်း ဒီလိုဘဲ။ တိုက်ပိုင်ရှင်က ဘာလေးညာလေးရေးပေးပါလို့ လာပြောရင် မင်းကဆရာလား ငါတို့ ကဆရာလား။ လွတ်လပ်ခွင့် မရှိရင် စာကောင်းပေကောင်း ထွက်မလာနိုင်ဘူး။ အခု ထိန်းချုပ်ထားတဲ့ ကြိုးနီစနစ်ကြီးက လွတ်လပ်ခွင့်ရပြီ သိလားလို့ ပြောတာ။ မိသားစုလိုရင်းနှီးနေတော့ ဒီလိုပဲ ပြောကြဆိုကြပေါ့ ။

တိုက်ဆိုင်လိုက်တာဗျာ။ အဲဒီ ကျွန်တော်နဲ့ လက်ရုံးတပည့်များ ဆိုတဲ့ ဝတ္ထုရှည် ထဲမှာ မြန်မာပြည်က အနောက်ဖျားနဲ့ အိန္ဒိယ၊ ဘီဟာနယ်(ဗုဒ္ဓဂယာ) နီပေါပြည်နယ်နဲ့ တိဘက်နယ်စပ်က အခြေခံထားတယ်။

တကယ်တမ်းတော့ အဲဒီနယ်စပ်တွေက မြန်မာပြည်အနောက်မြောက်ပိုင်းနဲ့ ထိစပ်နေကြတဲ့ နယ်စပ်က အစွန်အဖျားနယ်မြေတွေပဲ။ ဟိမဝန္တာနဲ့ ဆက်ပြီး ရေခဲတောင်တန်း ဒေသတွေပဲ။ မြန်မာပြည်ဘက်မှာတော့ ခါကာ ဘိုရာဇီ တောင်မြင့်ကြီးရှိတယ်။ တစ်နှစ်လုံး နှင်းဖုံးနေတာ ။ နီပေါဘက်မှာ တော့ ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်တဲ့ ဧဝရတ်တောင်ကြီးရှိတယ်။ ဟိမဝန္တာတောင်တန်းကြီးအပေါ်က အမြင့်ဆုံး တောင်ထွတ်ကြီး တစ်ခုပေါ့။

အဲဒီနေ့က စာအုပ်တိုက်ကပြန် လာပြီး ရေချိုး၊မြန်မာ့ရုပ်မြင်သံကြား

သတင်းအစီအစဉ် နိုင်ငံခြားသ တင်းကို နားထောင်တော့ တရုတ်ကြီးက သူသိမ်းထားတဲ့ တိဗက်ဒေသ လာဆာမြို့တော်ကနေ နီပေါဒေသမြို့တော် ခတ္တမန္ဒူမြို့တော်အထိ၊ ဟိမဝန္တာတောင်တန်း ၊ ကမ္ဘာ့အမြင့်ဆုံး ဧဝရတ်တောင်အောက်ကနေ မြေအောက် ရထားလမ်း ဖောက်လုပ်နေကြောင်း သတင်းပါလာတယ်ဗျ။

ဟိမဝန္တာဆိုတာ အလွန်မွန်မြတ်တဲ့ တောင်။ သူတော်စင်တွေ တရားအားထုတ်တဲ့ ရှေးဟောင်းဒေသ၊ တိုက်ဆိုင်မှုကြောင့် စိတ်ထဲမကောင်းဖြစ်မိတယ်။ တစ်ဆက်တည်း တိဗက်က လားမားဘုန်းတော်ကြီး ကမ္ဘာ့နို ဗယ်လ်ဆုရှင် ဒလိုင်းလားမားကိုလည်း သတိရမိပြန်တယ်။ နီပေါနဲ့ တိဗက်ဒေသတွေဟာ ကမ္ဘာပေါ်မှာ အလွန် ဆင်းရဲပြီး ဘာသာတရား အလွန်ကိုင်းရှိုင်းတဲ့ ရှေးဟောင်းက အမွေအနှစ် ဘာသာရေး အဆောက်အအုံတွေ တည်ရှိရာ ကမ္ဘာ့ကုလသမဂ္ဂ (ယူနက်စကို) အဖွဲ့က ထိန်းသိမ်းထားတဲ့ တောင်ကြားဒေသ ဖြစ်ပါတယ်။

နောက်တစ်ခါ တိုက်ဆိုင်တာကတော့ သတင်းဆိုးခင်ဗျ။ (၂၇-၄-၂၀၁၅) ရက်နေ့မှာ ပြင်းအား (၇.၉) ရစ်ချ်တာစကေးရှိတဲ့ ငလျင်ကြီးကြောင့် ရှေးဟောင်းဘာသာရေး အဆောက်အအုံတွေ ပြိုကျပျက်ဆီးပြီး လူပေါင်း (၄၀၀၀) နီးပါး သေဆုံးပြီး လူပေါင်း (၇၀၀၀) ကျော် ထိခိုက်ဒဏ်ရာရသတဲ့ ။ အဲဒီအချိန်မှာ ကမ္ဘာ့ အမြင့်ဆုံး ဧဝရတ်တောင် တက်နေကြတဲ့ တောင်တက်အဖွဲ့ထဲက လူ (၁၈) ဦးဟာ နှင်းခဲတွေပြိုကျပြီး သေဆုံးခဲ့သတဲ့ ။ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်မှာ တော့ ရှေးဟောင်း ဗုဒ္ဓဘာသာနဲ့ ဟိန္ဒူဘုရားကျောင်း(၇) လုံးနဲ့ အဆောက်အအုံ (၁၂၀၀) ကျော် ပျက်စီးခဲ့သတဲ့ ။ ကျွန်တော့်အမြင်ကတော့ တရုတ်တွေ ဧဝရတ်တောင်အောက် မှာ ဥမင်လိုဏ်ဂူကြီးတူးလို့ ဖြစ်မယ် ထင်တာပါပဲ။

၁၉၃၄ ခုနှစ်ကလည်း ဤဒေသမှာ အလွန်ပြင်းထန်းတဲ့ ငလျင်ကြီး လှုပ်ခဲ့ဖူးကြောင်း မှတ်သားရဖူးပါတယ်။ တကယ့် ရှေးဟောင်းသမိုင်းဝင်ဒေသ၊ အေးချမ်းလှတဲ့ ဘာသာတရား အလွန်ကိုင်းရှိုင်းတဲ့ ဒေသမှာ မှ ဖြစ်ပျက်ခဲ့ခြင်းအတွက်တော့ စိတ်မကောင်းကြီးစွာနဲ့ ရင်ထုမနာဖြစ်ရပါကြောင်း မှတ်တမ်းတင်ရင်း ကျွန်တော်၏ ထိုဒေသအမှတ်တရ လုံးချင်းဝတ္ထုရှည်ကို တင်ပြလိုက်ခြင်း ဖြစ်ပါသည် ။ ကျွန်တော်တို့ သွားရောက်ခဲ့သော ဒေသမှာ အစွန်အဖျား နယ်စပ်ဒေသ ဖြစ်သောကြောင့် ထိခိုက်မှု ရှိနိုင်မည် မထင်ပါ။ အေးချမ်းသာယာလှပသော သူတော်စင်များ ၏ တရားရိပ်ငြိမ် ရှမ်ဗဲလား၊ တရားစခန်းနှင့် ဘုရင်မတို့ ၏ ရွာကလေး ငလျင်ဘေးဆိုးကြီး ဒဏ်မှ လွတ်ကင်းစေရန်လည်း မေတ္တာပို့၍ ဆုတောင်းလိုက်ရပါကြောင်း။

**ပရိသတ်အား အစဉ်လေးစားစွာလျှက်**

**ထောင်မှူးကြီးသိန်းဝင်း**

* * *